

အလုပ်ရှင်များအတွက်

# အလုပ်အကိုင် အေဂျင်စီများနှင့် ဆက်ဆံခြင်း



- အလုပ်ရှင်များသည် အလုပ်အကိုင်အေဂျင်စီ (EA) တွင် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပေးထားသည့် တရားဝင်လိုင်စင်ရှိမရှိကို သေချာစွာစစ်ဆေးသင့်ပါသည်။ ၎င်းတို့အား **အလုပ်အကိုင် အေဂျင်စီများ လမ်းညွှန်ဝဘ်ဆိုဒ်**(www.eaa.labour.gov.hk) တွင် ကြည့်ရှုစစ်ဆေး နိုင်ပါသည်။



- EAs သည် အလုပ်ရှင်များနှင့်အတူ **ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်များကို** ရေးဆွဲသင့်ပါသည်။ ဝန်ဆောင်မှု နယ်ပယ်၊ အခကြေးငွေများ၊ ငွေပြန်အမ်းမှု အစီအစဉ်၊ အိမ်အကူအလုပ်သမား အစားထိုးမှုအစီအစဉ် စသည်ဖြင့် သတ်မှတ်ထားသင့်ပါသည်။



- EAs သည် အလုပ်ရှင်များထံမှ လက်ခံရရှိသော မည်သည့်ငွေပေးချေမှုအတွက်မဆို **ငွေလက်ခံရရှိမှု ပြေစာများ**ကို ထုတ်ပေးသင့်ပါသည်။

- အလုပ်ရှင်များသည် EAs ထံ ကော်မရှင်ပေးခြင်း သို့မဟုတ် ငွေပေးချေမှုများအတွက် **အိမ်အကူ အလုပ်သမားများ၏ လုပ်အားခများကို မဖြတ်ရ**ပါ။



(Myanmar version)



အလုပ်ရှင်များအတွက်

# အခမဲ့ သွားလာခွင့် ပံ့ပိုးပေးခြင်း



- အလုပ်ရှင်များသည် နိုင်ငံရပ်ခြားအိမ်အကူများ (FDHs) အား စာချုပ်ရပ်စဲခြင်း သို့မဟုတ် သက်တမ်းကုန်ချိန်တွင် **ငင်းတို့၏ မူလနေရပ်များသို့ အခမဲ့ပြန်သွားခွင့်ကို** ပံ့ပိုး ပေးသင့်ပါသည်။

- အလုပ်ရှင်များသည် FDHs အား လေယာဉ်လက်မှတ်၏ တန်ဖိုးနှင့်ညီမျှသော ငွေသားကိုပေးမည့်အစား **လေယာဉ် လက်မှတ်များ** (အခြေခံ စစ်ဆေးပြီးသော ခရီးဆောင်အိတ် အပါအဝင်) ကို **ပံ့ပိုးပေးရန်** စဉ်းစားသင့်ပါသည်။





- အလုပ်ရှင်များ ပံ့ပိုးပေးသော လေယာဉ်လက်မှတ်များသည် **တိုက်ရိုက်လမ်းကြောင်းအများဆုံး** ဖြစ်သင့်ပါသည်။

အလုပ်ရှင်များအတွက်

# အခမဲ့ ဆေးဝါးကုသပေးခြင်းနှင့် အာမခံထုတ်ယူခြင်း



- အလုပ်ရှင်များသည် နိုင်ငံရပ်ခြား အိမ်အကူများ (FDHs) အား ၎င်းတို့ထံတွင် အလုပ်လုပ်နေစဉ်အတွင်း (FDHs ၏ ဟောင်ကောင်ပြင်ပသို့ ရောက်ရှိနေသည့် အားလပ်ရက်မှ လွဲ၍) **အခမဲ့ ဆေးကုသ**ပေးသင့်ပါသည်။



- လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရမှုအတွက် FDHs ၏ လုပ်ငန်းတာဝန်များကို ကာမိစေရန် အလုပ်ရှင်များသည် FDHs အတွက် **အလုပ်သမားများ၏ လျော်ကြေးအာမခံကို** ထုတ်ယူရန် လိုအပ်ပါသည်။ လိုက်နာရန် ပျက်ကွက်ပါက တရားစွဲဆိုခံရပါမည်။



- အလုပ်ရှင်များသည် FDHs ၏ လုပ်ငန်းခွင်အတွင်း ထိခိုက် ဒဏ်ရာရမှုအတွက် 14 ရက်အတွင်း သို့မဟုတ် သေဆုံးမှု ဖြစ်ရပ်များအတွက် မတော်တဆမှုဖြစ်ပြီး 7 ရက်အတွင်း **အလုပ်သမားဦးစီးဌာနထံ အကြောင်းကြား**သင့်ပါသည်။



- အလုပ်ရှင်များသည် အလုပ်သမားများ၏ လျော်ကြေး အာမခံနှင့် ဆေးဘက်ဆိုင်ရာအာမခံ နှစ်မျိုးလုံးအတွက် အကျုံးဝင်သော **ပြည့်စုံသည့် FDH အာမခံမှုဝါဒ များ**ကို အကောင်အထည်ဖော်ရန် စဉ်းစားသင့်ပါသည်။



အလုပ်ရှင်များအတွက်

# အလုပ်တာဝန်စီစဉ်မှုနှင့် လုံလောက်သော အနားယူမှု



- အလုပ်ရှင်များသည် **ယဉ်ကျေးမှုနှင့်ဘာသာရေး ကွဲပြားမှုများကို လေးစားသင့်ပြီး** နိုင်ငံရပ်ခြားအိမ်အကူများ အနေဖြင့် ပတ်ဝန်းကျင်အသစ်တွင် လိုက်လျောညီထွေဖြစ်အောင် ကူညီပေးသင့်ပါသည်။



- အလုပ်ရှင်များသည် ၎င်းတို့အိမ်အကူများကို အိမ်မှုကိစ္စ **တာဝန်များကို** ဦးစားပေး လုပ်ဆောင်စေပြီး အိမ်အကူများ အတွက် **လုံလောက်သော အနားယူမှုရှိစေရန်** သေချာစွာ လုပ်ဆောင်သင့်ပါသည်။





- အလုပ်ရှင်များသည် ၎င်းတို့၏အိမ်အကူများကို **အလုပ်၏ လိုအပ်ချက်များအား ရှင်းပြပေးသင့်ပြီး လမ်းညွှန်မှုများကို ပြုလုပ်ပေး**သင့်ပါသည်။